# လက်နက်တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်နှင့် ရင်ဆိုင်ရပါက လိုက် နာရမည့် တစ်ကိုယ်ရည် ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်

## တစ်ကိုယ်ရည်ဘေးကင်းရေး

| မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း တုံ့ပြန်လုပ်ဆောင်ခြင်း | |
|---|---|
| **ဆောင်ရန်** | **သတိပေးချက်များ** |
| လူစုလူဝေးနှင့် ရှိနေစဉ်ဖြစ်ပါက အရပ်မျက်နှာအားလုံးသို့ အတတ်နိုင်ဆုံးလူစုခွဲရန် အားပေးပါ။ ထိုသို့လုပ်ခြင်းဖြင့် မောင်းသူမဲ့လေယာဉ်မောင်းသူအား မည်သူ့ကို ပစ်မှတ်ထား လိုက်ရမည်ကို ခက်ခဲစေမည်ဖြစ်သည်။ | • **ဝန်ထမ်းအားလုံးအနေဖြင့် အရေးပေါ်လုပ်ဆောင်ရမည့် လုပ်ငန်းများကို သိနေစေရမည်။**<br>• **ဆက်သွယ်ရေးနည်းလမ်းများကို ကြိုတင်သဘောတူထားပြီး အဆိုပါနည်းလမ်းများ ကောင်းစွာအလုပ်လုပ်နေစေရမည်။**<br>• **လူနာနှင့် ၄င်းတို့မိသားစုဝင်များအား ညွှန်ကြားချက်ပေးမည့် ဝန်ထမ်းသည် ကောင်းစွာ သင်တန်းပေးခံထားရပြီး မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရမှုအတွင်း မည်သို့လုပ်ဆောင်ရမည်ကို ကောင်းစွာသိရှိနေရမည်။** |
| ကျန်းမာရေးဝန်ထမ်းများအတွက် ပုန်းခိုစရာနေရာများမှာ လက်လှမ်းမီနေစေရမည်။ | • **ဝန်ထမ်းအားလုံးအနေဖြင့် လုံခြုံသည့် ပုန်းခိုစရာနေရာများ ဘယ်မှာရှိသည်ကို သိနေစေရမည်။**<br>• **ပုန်းခိုစရာနေရာမှာ ဝန်ထမ်းအားလုံးအတွက် လုံလောက်သော အကျယ်အဝန်းရှိရမည်။** |
| ဖြစ်နိုင်ပါက လူနာများအတွက် ပုန်းခိုစရာနေရာများ ရှိရမည်။ | • **လူနာများ လုံခြုံသည့်နေရာတွင် ရှိနေစေရမည်။** |

| | |
|---|---|
| | • **ထိခိုက်လွယ်သော လူနာများအား မည်သို့ကူညီပေးရမည်ကို ညွှန်ကြားချက်များ ထားရှိရမည်။** |
| တစ်စုံယောက်ယောက်ကို အခြေအနေစောင့်ကြည့်ရန်နှင့် ဖြစ်သမျှသတင်းပို့ရန် ထားရှိရမည်။ | • **အခြေအနေစောင့်ကြည့်ရန် တာဝန်ပေးခံရသူများ ထားရှိရမည်။**<br>• **ထိုသို့တာဝန်ပေးခံထားရသူများကို မည်သို့စောင့်ကြည့်ရမည်ကို သင်တန်းပေးထားရမည်။**<br>• **တွေ့ရှိသော သတင်းအချက်အလက်များကို တာဝန်ရှိသူ (သို့)အခြားသက်ဆိုင်သူများသို့ ပေးပို့ရန် ရှင်းလင်းသော ဆက်သွယ်ရေးစီးဆင်းမှုလမ်းကြောင်း၊ သတင်းအချက်အလက်လိုအပ်ချက်များ ကို ရှင်းလင်းစွာ လုပ်ဆောင်ထားသင့်သည်။** |
| အခြေအနေလုံခြုံသည်နှင့်တစ်ပြိုင်နက် အရေးပေါ်ကုသမှုပေးရန် စီစဉ်ထားပါ။ | • **အရေးပေါ်ကုသမှုပေးနိုင်ရန် လိုအပ်သော ကိရိယာများကို ရရှိနိုင်နေစေရမည်။**<br>• **နှစ်ကြော့ပြန်တိုက်ခိုက်ခြင်းဖြစ်နိုင်သည်ကို သတိထားရမည်ဖြစ်ပြီး သင့်တော်သလို လုပ်ဆောင်ရမည်။** |

**အစီရင်ခံစာ အပြည့်အစုံကို ဖတ်ရှုရန် ဤနေရာကို နှိပ်ပါ။**

**အပြင်ဖက်၌ ရှိနေစဉ် မောင်းသူမဲ့လေယာဉ်နှင့် ကြုံတွေ့ပါက လုပ်ဆောင်ရန် လမ်းညွှန်ချက်ကို ဖတ်ရှုရန် ဤနေရာကို နှိပ်ပါ။**

**အဆောက်အဦးအတွင်း၌ ရှိနေစဉ် မောင်းသူမဲ့လေယာဉ်နှင့် ကြုံတွေ့ပါက လုပ်ဆောင်ရန် လမ်းညွှန်ချက်ကို ဖတ်ရှုရန် ဤနေရာကို နှိပ်ပါ။**

ဤစာစေ ာင်အား Insecurity Insight အဖွဲ့မ ှ ထ ု တ် ဝေ သည် ။ ဤစာအပ ု ်ပါ သုံးသပ်ချက်များ ှ င့်ထင်မြ င်ချက်များမ ှ ာ ထ ု တ် ဝေ သ ူ Insecurity Insight အဖွဲ့ ှ င့်သ့် ာ သက်ဆိ ု င်သည် ။ Insecurity Insight အဖွဲ့သည် လသ ူ ာ း ချင် းစာနာမ ဆိ ု င်ရာ စည် းမျ် းများကိ ု ကတိကဝတ်ပြ လိက ု ်နာသေ ာ Humanitarian to Humanitarian (H2H) အဖွဲ့အစည် းဖြ စ်သည် ။ ပါဝင် သေ ာ အကြေ ာင် းအရာများအတကွ ် Insecurity Insight အဖွဲ့မ ှ တာဝနယ် ူ သည် ။ ဤစာစေ ာင်ပြ စ ုရန် UK အစိ ု းရထံမ ှ ပံ့ပိ ု းသေ ာ H2H ရနပ် ုံငွေ မငွေ ှ အထေ ာက်အပံ့ရှ ိသည် ။ ဤစာစေ ာင်တင ွ ် ပါဝင် သေ ာ အကြေ ာင် းအရာများအတကွ ် H2H ကွနရ် က်(သ ိ) UK အစိ ု းရတင ွ ်တာဝနမ် ှ ိသကဲ့သ ိဤစာစေ ာင်တင ွ ် ပါဝင် သေ ာ ထင်မြ င်ချက်များမ ှ ာလည် း ၄င် းတ ိအာဘေ ာ်မဟာတ ု ်ပါ။

**https://bit.ly/SRMDronesMMROutside**